# ဘတ်စ်ကားမှောက် ချင်းလူငယ် ၃ ဦး သေဆုံး

သတင်းရင်းမြစ် > ဆလိုင်းထွန်း
သောကြာနေ့၊ အောက်တိုဘာလ ၁၅ ရက် ၂၀၁၀ ခုနှစ် ၁၇ နာရီ ၂၈ မိနစ်

---

နယူးဒေလီ (မဇ္ဈိမ) ။ □□□။ မလေးရှားနိုင်ငံ မလက္ကာ-ကွာလာလမ်ပူ အဝေးပြေးလမ်းတွင် ဘတ်စ်ကားတစီး အခြားကားများကို ဆင့်ကဲတိုက်ပြီးနောက် တိမ်းမှောက်မှုဖြစ်ပွားရာ မြန်မာနိုင်ငံသား ချင်းလူငယ် ၃ ဦး အပါအဝင် လူ ၁၉ ဦး သေဆုံးမှု လွန်ခဲ့သည့် တနင်္ဂနွေနေ့တွင် ဖြစ်ပွားခဲ့သည်။

မြို့တော်ကွာလာလမ်ပူသို့ သွားနေသော JKM Express ဘတ်စ်ကားသည် ညနေ ၆ နာရီခန့်တွင် ၂၂၃ ကီလိုမီတာ အရောက် တဖက်ယာဉ်ကြောသို့ တက်သွားကာ မျက်နှာချင်းဆိုင်မှလာသော ကိုယ်ပိုင်ကားငယ် ၅ စီးနှင့် ဆင့်ကာတိုက်မိပြီး နောက်ဆုံးတွင် တိမ်းမှောက်သွားခဲ့သည်။

အခင်းဖြစ်ရာသို့ ကိုယ်တိုင်သွားရောက်ခဲ့သူ တိုင်းရင်းသားညွန့်ပေါင်းအဖွဲ့မှ ဦး Sai Saeng အပြောအရ သေဆုံးသူများအနက် မြန်မာနိုင်ငံသားများမှာ ချင်းပြည်နယ် တီးတိန်မြို့ Lamzang ရွာသားများဖြစ်သည့် ကမ်ခွါလ်တွာ Kam Khaw Tual (၁၇ နှစ်)၊ ပေါင်ခန့်တွာ Pau Khan Tual (၂၁ နှစ်) နှင့် ကျင့်ထွန်းတွမ် Cin Thawn Tuang (၃၀ နှစ်) ဖြစ်သည်။

"ကျနော် ရောက်တဲ့အချိန်မှာ လမ်းပန်းဆက်သွယ်ရေးအဖွဲ့လည်း ရောက်နေတယ်။ အုတ်တံတိုင်းကို တိုက်ဖောက်တာ ချက်ချင်းမလဲဘူး။ ကား ၅ စီးကိုတောင် တိုက်ထားတာကိုး။ သူတိုက်သွားတဲ့ ကားတွေ ပွစိတက်နေတယ်။ အဲဒီကားကတော့ လမ်းဘေးပေါ်မှာ ကန့်လန့်ကြီးပဲ။ □ကားတွေကတော့ ရစရာမရှိတော့ဘူး။ အကုန်လုံး ပျက်စီးကုန်တာပေါ့" ဟု Sai Saeng က ပြောသည်။

ကမ်ခွါလ်တွာနှင့် ပေါင်ခန့်တွာတို့၏ ရုပ်အလောင်းကို သဂြိုလ်ပြီးဖြစ်သည်။ ကျင့်ထွန်းတွမ်၏ ရုပ်အလောင်းကို တီးတိန်သို့ ပြန်လည်သယ်ယူမှာ ဖြစ်သည်။